
# ဆီးသီးသည် မဈူဝင်း



ရေးသူ-တင်မိုး




## (၁)

သူနာမည်က မဗျိုင်းတဲ့။ ငယ်ငယ်တုန်းက အသားဖြူသည်၊ ဗျိုင်းကလေးနှင့် တူသည်ဆို၍ အမေက 'မဗျိုင်း–မဗျိုင်း' ဟုခေါ်သည်။

သည်လိုနှင့် မဗျိုင်း အမည် တွင်သွားသည်။ ခုတော့ အသား မဖြူ လှ။ အသားလတ်လတ်။ အရပ်အမောင်းကတော့ ရှည်ရှည် သွယ်သွယ်။ မျက်နှာ ပုံပန်းက ခပ်ဝိုင်းဝိုင်း။ သနားကမားပင် ဖြစ်သည်။



မဗျိုင်းကလေးတို့ ဆင်းရဲရှာသည်။ သူ့အမေက မန်ကျည်းရွက်ခူး၍ ရွာထဲ ရပ်ထဲမှာ ရောင်းရသည်။ အဖေကတော့ လှေထိုးလိုက်ရသည်။ ရွာမှာ အမြဲမနေနိုင်။ အောက်ပြည် အောက်ရွာ သွားနေရသည်က များသည်။





မဗျိုင်းကလေး အရွယ်ရောက်လာတော့ အမေတို့၊ အဖေတို့ကို ကူရသည်။ ထမင်းအိုးခွင်၊ ဟင်းအိုးခွင် ဝင်တတ်ပြီ။ ကောက်စိုက် ပျိုးနုတ် လုပ်တတ်ပြီ။ အမေတို့၊ အဖေတို့မှာ မဗျိုင်းကလေးကြောင့် စိတ်နှလုံး ချမ်းသာရသည်။





"ဗျိုင်းကလေးရေ ..
အေ ဗျိုင်းကလေး" ...
"တော် "
"လာဟေ့.... ရွာတောင်ဖက်
ဆီးသီးကောက် ထွက်ရအောင်"

အော်.... ဟုတ်သွားပါလား။ သည်နေ့ ဆီးသီးကောက် သွားရအောင်လို့ အပေါ်တွေနှင့် ချိန်းထားသည်။

အပေါ်တွေ လာခေါ် နေကြပြီ။ အေးမြတို့၊ ထွေးခင်တို့လာခေါ်ကြသည်။ မဗျိုင်းကလေးသည် တောင်းကလေးကို ခါးစောင်းတင်၍ လိုက်သွားသည်။



ရွာ့တောင်ဖက်တွင် ရေကန်ကြီးရှိသည်။ ရေကန်ကြီး၏အနီးတွင် ဆီးချုံတွေ အများကြီးရှိသည်။ ရေကန်ဖက်ဆီသို့ကိုင်း၍ ပေါက်နေသော ဆီးတော်ပင်ဟုခေါ်သည့် ဆီးချုံပင်များသည် ညွတ်နေအောင် သီးကြသည်။ တချို့စိမ်းစိမ်း၊ တချို့မှည့်နေပြီ။ တလင်းမှာ ကြွေနေကြပြီ။



ရေကန်ကြီးထဲ ကြွေကျသောအခါ 'ပလုံ-ပလုံ'ဟု မြည်သည်။ ဆီးချဉ်ပင်ကလေးတွေကလည်း ဝိုင်းဝိုင်းပုပု။ သည်အပင်တွေက ပိုပြီးသီးသည်။ ဆီးပွင့်လေးတွေကတော့ သေးသေးပါ။ အနံ့ကမသင်း။ အနံ့နည်းနည်းပြင်းသည်။



မဇျိုင်းကလေးအလွန်ပျော်သည်။ဆီးသီးကောက် ပေါ်တွေနှင့် စကြ၊ ပြောင်ကြသည်။တေးတဟိုဟိုဆို ကြသည်။ ဆီးပင်အောက်မှာ ဝိုင်းဖွဲ့ပြီး ထိုင်သည့်အ ခါထိုင်သည်။ ရေကန်ကြီးထဲမှာ ရေချိုးသည့်အခါ ချိုးသည်။

နေစောင်းတော့ ကန်ပေါင်ရိုးပေါ်ကလျှောက်ပြီး ဆီးသီးတောင်းကိုယ်စီနှင့် အိမ်ပြန်ကြသည်။

မနက်လင်းတော့ ရွာထဲမှာ ဆီးသီးလည်ရောင်းသည်။ "ဆီးသီးသည်တော်ရို့ ...ဆီးသီးသည်" ဟု ဟစ်သည်။

မဗျိုင်းကလေး၏ အသံစာစာကလေးကို ကြားရသူတိုင်း ဆီးသီးမဝယ်ပဲ မနေနိုင်ကြ။ အနည်းနှင့်အများ ဝယ်ကြသည်။ နောက်တော့ 'ဆီးသီးသည်ကလေးမဗျိုင်း' ဟု လူတိုင်းက သိလာကြသည်။ ဆီးချိုကုန်းရွာတွင် မဗျိုင်းကို မသိသူမရှိတော့။





( ၇ )

သည်နေ့ ကျိုးသာသည်။

မနက်စောစောကတဲက တဲခေါင်မိုးပေါ်မှာ ရွှေကျိုးသာနေသည်။ ကျိုးသာလျှင် ဧည့်လာတတ်သတဲ့။ ဘယ်အရပ်က ဧည့်များဖြစ်မည်နည်း။ လသာသော ညမျိုးမှာ မဗျိုင်းတို့အိမ်ကို လာတတ်သူကတော့ တမာတန်းရွာက ကိုရင်မွှေးပင် ဖြစ်သည်။ ကိုရင်မွှေး လာလျှင် သည်တခါ မဗျိုင်းက စကားထာဝှက်ဦးမည်။ ကိုရင်မွှေးပန်းပေးတော့မှ စကားထာဖော်မည်။



အရင်တခါ ကိုရင်မွေးက မဗျိုင်းအသက်ကိုမေးတော့ မဗျိုင်းက –

“မဗျိုင်းအသက်သိချင်ယင်- ကျွန်မအသက်သပြေခက်တဲ့၊ ရလဒ် စားခြေတူပါစေ”ဟု ပြောခဲ့သည်။ ကိုရင်မွေး မဖြေနိုင်၍ မဗျိုင်းအသက် ၁၆ နှစ်မှန်း မသိခဲ့။

မဗျိုင်းပြုံးမိသည်။ သနပ်ခါးလူးရင်း ဟိုတွေး၊ သည်တွေး တွေးသည်။





"ဗျိုင်းကလေးရေ လာဟေ့"

"ဟော ထွေးခင်တို့ လာကြပြီ လာပြီ ထွေးခင်ရေ"

ပြောပြောဆိုဆို ပဗျိုင်းထွက်ခဲ့သည်။ သနပ်ခါးအဖွေးသားနှင့်။ ကြက်ရုံးပန်းတွေလည်း ပန်ထားလိုက်သေး။

"အဲပယ်လေးဟဲ့ ဗျိုင်းကလေးရယ်
ရုပ်သေးပွဲ သွားမှာကျလို့"

ထွေးခင်က သည်လိုပြောတော့ အဖော်တွေကပါ ဝိုင်းရယ်ကြသည်။ ပဗျိုင်းခမျာ ရောယောင် ရယ်နေရသည်။ ရှက်သလိုလို ဘာလိုလို။

ဆိးချိုပင်ရိပ်ရောက်တော့ တအောင့် နားကြသည်။

ကန်ကြီးထဲမှာ ကြာပွင့်ကလေး နှစ်ပွင့်ကို လှမ်းမြင်ရသည်။ လေပြည်ထဲတွင် ကြာပန်း နံ့ကလေး သင်းလာသည်။

မဗျိုင်းကလေးသည် ခေါင်းကလေးကို ငုံ့ကာ ငုံ့ကာ ဆီးသီးကောက်လျက် ရှိသည်။ အဖော်တွေက လည်း တပင်က တပင် ကူးချည်သန်းချည် ပြု၍ ဆီးသီး ကောက်နေကြသည်။ လှမ်း၍ လှမ်း၍လည်း စကား ပြောကြသည်။



ထိုအခိုက် မဗျိုင်း ဦးခေါင်း မော့ကြည့်လိုက်မိရာ 'အို...အမေ့'ဟု လန့်သွားမိသည်။

ဆင်ပြောင်ကြီးကို စီးလာသော ဘုရင်ကြီးပါတကား။ နောက်လိုက်နောက်ပါ အခြွေအရံများလည်း ပါသည်။



မဗျိုင်းကလေးသည် ဘာလုပ်ရမည် မသိ။ တုန်ရီ
နေသည်။ ဆီးသီးတောင်းကလေး ပိုက်လျက် မင်
သက် မိနေသည်။ အပေါ်တွေလည်း ဆီးချိုရိပ်မှာ
ကြောက်အား လန့်အားနှင့်။ ပုဆစ်တုပ်သူ တုပ်၊ ဆီး
ပင်ခြေ ကပ်သူ ကပ် ဖြစ်နေကြသည်။



ဆင်ပေါ်က ဘုရင်သည် မဗျိုင်းကလေးကို စိန်းစိန်း ကြည့်နေသည်။ မဗျိုင်းသည် မျက်လွှာ ချနေသည်။

ထိုနောက်—

'သည် မိန်းကလေးကို ကိုယ်တော်မြတ် စုံမက်တော်မူသည်။ ဤသတို့သမီးငယ်ကို ဆောင်ယူ





တော်မူမည်' ဟူသော အသံကိုသာ မဗျိုင်းကြားရတော့သည်။ မဗျိုင်း ဘာကိုမျှ မမြင်တော့။ မျက်စိတွေ ပြာသွားလေသတည်း။

( ၄ )

"မဗျိုင်းကလေး တော်ကောက်ခံရသတဲ့"

တရွာလုံး မဗျိုင်းအကြောင်းချည်း ပြောနေကြသည်။

"ကုသိုလ်ကံထူးပါသတော်"ဟု ဝမ်းမြောက် ဝမ်းသာ ချီးကျူးကြသည်။

"ရုပ်ရည် ကြည့်ပါလား အော့။ တောနဲ့ မတန်အောင် သန့်ပါဘိသနဲ့"ဟု ဆိုကြသည်။

မဗျိုင်း၏ သူငယ်ချင်းတွေက ဝမ်းလည်း သာကြသည်။ လွမ်းလည်း လွမ်းကြသည်။ ထွေးခင်က ဆိုလျှင် မျက်ရည် တလည်လည်နှင့်။



မဗျိုင်းဆီကို လည်နေကျ ကိုရင်မွှေးကတော့ ဝမ်းသာရအခက် ဝမ်းနည်းရအခက်။

“မဗျိုင်းအကြောင်း မပြောကြပါနဲ့ဗျာ။ ငိုချင်ရက် လက်တို့ဖြစ်လွန်းလို့”

ကိုရင်မွှေးက ရိုးရိုးကြီး ပြောလိုက်သောအခါ သနားရယ် ရယ်ကြလေသည်။



( ၅ )

နန်းတော် ရောက်စက မဗျိုင်း မပျော်ရှာ။ ငိုတလုံး၊ ရယ်တလုံး နေရှာသည်။

အဆောင်တွေ၊ အခန်းတွေကို သူ မမက်။ သူ့တဲကလေး၊ ဗူးစင်ကလေးကိုသာနှစ်သက်သည်။စပယ်ရုံ၊ မြတ်လေးရုံကြားမှာ မနေတတ်။ ဆီးချုံ၊ နဗူးရုံကြားမှာသာ နေတတ်သည်။ နန်းတော်က စောင်းသံကို သူမကြည်နူး။ ချောင်းရိုးထိပ်က ပလွေသံကလေးကိုသာ ကြည်နူးသည်။ သလွန်တော်ပေါ်၌ သူမပျော်မွေ့။ လသာသာတွင် သူ အိပ်ခဲ့ရသော ဝါးကွပ်ပျစ်ကလေးကိုသာ အောက်မေ့ရှာသည်။





သို့နှင့် လပေါင်းအတန်ကြာသွားသည်။ မိဖုရား မဗျိုင်းသည် ရှာကို မေ့စပြုပြီ။ နန်းတော်ထဲတွင် ပျော်စပြုပြီ။

ငယ်ငယ်တုန်းက မဗျိုင်းက မော့မကြည့်ဝံ့ခဲ့သော မြင်းစီးမင်း၊ သွေးသောက်ကြီး စသည်တို့သည် ယခုအခါ မဗျိုင်းကို ယောင်လို့မှ မော့မကြည့်ဝံ့တော့ပြီ။ မဗျိုင်းထံပါးသို့ပင် ဝင်ရဲကြသည်မဟုတ်။ မြို့စားနယ်စားကြီးများ၊ မှူးကြီး မတ်ကြီးများတို့သည်လည်း မဗျိုင်းထံပါးသို့ အခစား ဝင်ကြရသည်။ လက်ဆောင်တော် ဆက်ကြရသည်။ မဗျိုင်း၏ အမိန့်ကို ရိုသေစွာ နာခံကြရသည်။



မဇျိင်း၏ ဆွေမျိုးသားချင်းတို့သည်လည်း နန်းတော်ထဲ၌ ရာထူး ရာခံ အသီးသီးရကုန်ကြပြီ။ အချို့လည်း မြို့စား၊ အချို့လည်း အတွင်းဝန် စသည်ဖြင့်။

မဇျိင်းသည် ဘုရင်ကိုယ်တော်တိုင် အရေးပေးခံရသော မိဖုရားဖြစ်သည်။ ထို့ကြောင့် မဇျိင်းအပေါ်တွင် ခစားသူ ဝိုင်းဝိုင်း လည်တော့သည်။

မဇျိင်း၏ အလှကို ချီးမွမ်းသူ မြောက်မြားစွာ ရှိသည်။ လပြည့်နေ့ကပင် စာဆိုတော် ပင်းယမြို့စား မောင်စံသည် မိဖုရား မဇျိင်း ဘွဲ့ရတုတပုဒ် စီကုံးဆက်သခဲ့သေးသည်။ မဇျိင်းက မြလက်စွပ်တကွင်း ဆုချခဲ့သေးသည်။





မဗျိုင်း၏ နားတွင် ချီးကျူးသံများသာ အမြဲ ကြားရသည်။ မဗျိုင်း၏ နားတွင် 'မှန်ပါ့ဖုရား'များသာ ပတ်လည် ဝိုင်းနေသည်။ မဗျိုင်း လုပ်သမျှ အမှန်၊ မဗျိုင်း ပြောသမျှအကောင်း၊ မဗျိုင်း စီမံသမျှ တင့်တယ်သည်ချည်းတည်း။

မဗျိုင်း လက်ညှိုးညွှန်ရာ ရေဖြစ်ပြီ။ ထိုအခါ မဗျိုင်း မာနတက်လာတော့သည်။ မဗျိုင်းရွာကို မေ့ပြီ။ ဆီးပင်ပျိုကလေးကို မလွမ်းတော့ပြီ။ ငယ်ပေါင်း ရောင်းရင်းတို့ကိုလည်း သတိမရပြီ။


( ၆ )

မဗျိုင်းကသာ သတိမရသည်။ထွေးခင်တို့ သူငယ်ချင်းတွေက တနေ့မျှ မမေ့။ရေကန်ကြီးထဲမှာ ရေချိုးတော့လည်း သတိရသည်။ ကန်ပေါင်ရိုးပေါ်က လမ်းလျှောက်ပြီး ပြန်လာကြတော့လည်း ဗျိုင်းကလေးကို လွမ်းသည်။ ဆီးပင်အောက် ရောက်တော့ ထွေးခင် ငိုမဲ့ ငိုမဲ့။

“ဗျိုင်းကလေးနဲ့ တွေ့ချင်သေး အေတို့ရယ်။ သူငယ်ချင်း နေကောင်း ထိုင်သာမှ ရှိပါစေ။သင်း အလွန်ကြိုက်တဲ့ အညှက်ရည်နဲ့ ဆီးသီးမှ စားရပါစေ အေ....။ ငါတော့ ဗျိုင်းကလေးဆီ သွားချင်သေးတယ် ကောင်မတို့ရယ်”



ထွေးခင် ဆီးသီးတောင်းကလေးရွက်၍ မြို့တက်ပြီ။ ဗျိုင်းကလေးနှင့်တွေ့ရအောင် ထွေးခင်ကြံသည်။ နန်းတော်တွင်းသို့ ဝင်နိုင်အောင် ဝင်သည်။



နန်းတော်တွင်း မင်းမှုထမ်းတို့ ရပ်ကွက်ရောက်သောအခါ ထွေးခင်သည် 'ဆီးသီးသည် တော်ရို့..... ဆီးသီးသည်' ဟု အသံစာစာနှင့် ဟစ်လေတော့သည်။

ထွေးခင်သည် အိမ်ပြတင်းပေါက်များသို့လည်း မကြာမကြာ လှမ်းကြည့်သည်။ 'မိရွှေဗျိုင်း ငါ့ကို လှမ်းပြီး ခေါ်ကောင်းပါရဲ့' ဟုလည်း အောက်မေ့သည်။

သည်လိုနှင့် မိဖုရား မဗျိုင်း၏ အဆောင်တော် အနီးသို့ ထွေးခင် ရောက်လာသည်။

“အရပ်ကတို့...ဆီးသီး ဝယ်ကြအုံးမလား အလုံးကြီး အသီးချိုတဲ့ ဆီးသီး တော်ရို့.”

ထိုအခါ၊ မဗျိုင်း၏ အဆောင်တော်မှ အပျိုတော် တစု ထွေးခင်အနီးသို့ ဝိုင်းအုံလာပြီးလျှင် ဆီးသီးကို အလုအယက် ဝယ်ကြသည်။ ရယ်မောကျီစယ်ကြသည်။





ထိုအခိုက် မဗျိုင်းနှင့် ဘုရင်ကြီး ထွက်လာသည်။ မဗျိုင်းသည် ထွေးခင်၏ အသံကိုကြားပြီး ဖြစ်သည်။ ထွေးခင်ကြောင့် မိမိ၏ နိမ့်ကျသော ဆီးသီးသည် မဗျိုင်းဘဝကို အများသိကုန်ကြမည်ကို မဗျိုင်းရှက်သည်။ မိမိဇာတိ ပေါ်မည်ကို အစိုးရိမ်ကြီး စိုးရိမ်သည်။ ထို့ကြောင့် ထွေးခင်ကို မသိယောင်ပြုကာ၊ 'ဟဲ့....ရွှေစာတို့....ဘာလုပ်နေကြတာတုံး' ဟု ငေါက်ဆတ်ဆတ်နှင့် မေးသည်။

ထွေးခင် ဝမ်းသာသွားသည်။ သူငယ်ချင်းမ အာလုကြီး လှုနေပါလား။ အရင်ထက် နည်းနည်း ပိုဝသည်။ ထွေးခင်သည် 'ငါ့ကို နှုတ်ဆက် ခေါ်ငင်တန်ကောင်းရဲ့' ဟုလည်း အောက်မေ့သည်။ 'ထွေးခင်ကိုတော့ မမေ့တန်ပါဘူး' ဟုလည်း တွေးသည်။ ထိုအတွင်း ရွှေစာ ဆိုသူက –

"မှန်လှပါဘုရား... ဆီးသီး ဝယ်နေကြောင်းပါ" ဟု လျှောက်သည်။





ထိုအခါ မဗျိုင်းသည် တင်းမာသော မျက်နှာထားနှင့်။

"ဆီးသီးဆိုတာ ဘယ်ဟာတဲ့ တုံး။ မှန်း .... ပြစမ်း.... ဘယ်ရွာက လာပြီး ရောင်းသတဲ့တုံး.... ဆိုစမ်း" ဟု ဆိုလိုက်ရာ၊ ထွေးခင်သည် ဆီးသီးတောင်းကလေးကို ကပျာကရာ ရွက်ပြီးလျှင် မျက်စိ မျက်နှာ အပျက်ပျက်နှင့် ခပ်သုတ်သုတ် ပြန်ထွက်ခဲ့ရလေသည်။

'ပြစ်ရလေ ဗျိုင်းကလေးရယ်.... ယင်း သည် လောက်မောက်မာဖို့မသင့်ပါဘူး အေ' ဟု ထွေးခင် တွေးရင်း ငိုချင်ရင်း ရွာဆီသို့ ပြန်လေသည်။



မဇျိုင်း၏ 'ဆီးသီးဆိုတာ ဘယ်ဟာတဲ့တုံး' ဟူသော အမေးကို ဘုရင်ကြားရသောအခါ အမျက်ပြင်းစွာ ထွက်လေသည်။

"မိမိ၏ ဘ၀မှန်ကို မေ့သူအား ငါမစုံမက်လိုပြီ။ ငါသည် သင်၏ရိုးသားမှုကို ချစ်ခင်ခဲ့ခြင်း ဖြစ်သည်။ ယခု သင်၏ မာန်မာနကို မြင်ရ၍ နှလုံး မသာမယာဖြစ်ခဲ့သည်။ ယနေ့မှ စ၍ သင်သည် နန်းတွင်းမှ ထွက်စေ"

ဤသို့ အမိန့်တော် မှတ်ပြီးလျှင် မိဖုရား အရာကနုတ်၍ နန်းတွင်းမှ နှင်ထုတ်လေသတည်း။



## ( ၄ )

မဗျိုင်းကလေး ပြန်လာပြီ။ ဆီးချိုကုန်း ရွာကလေးသည် မဗျိုင်းကို ကြိုလျက်ရှိသည်။ ဆီးသီးကောက်ဖော် ယောင်းမတို့ကလည်း ဝမ်းသာအားရကြိုကြသည်။ထွေးခင်လည်း မဗျိုင်းကို စိတ်မနာနိုင်။ ပျော်လျက်ရှိသည်။ ငယ်ပေါင်း ရောင်းရင်းတို့သည် မဗျိုင်းကို ဝိုင်းလျက်။ ဆီးသီးပင်က ဆီးသီးဖြိုင်ဖြိုင်သီးသကဲ့သို့ပင်။ မဗျိုင်း နောင်တ အရကြီးရခဲ့ပြီ။

ဆီးပင်ရိပ်သို့ မဗျိုင်း ပြန်ရောက်ပါပြီ။ မဗျိုင်းကလေး ဆီးပင်ရိပ်က ဘယ်တော့မျှ မခွာတော့ပါ။ ထို့အတူ ကိုရင်မွေး၏ ပလွေသံကလေးကလည်း ဆီးပင်ရိပ်က ဘယ်တော့မျှ မခွာနိုင်တော့ပါ။



Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/